# မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်

## အခြေခံစည်းမျဉ်းများ

### ခရစ်ယာန်ဓမ္မပညာဌာန

အပိုဒ် – ၉းရ၆ အသင်းချုပ် ခရစ်ယာန်ဓမ္မပညာဌာနသည် အသင်းချုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရမည်။

အပိုဒ် – ၉းရရ အသင်းချုပ် ခရစ်ယာန်ဓမ္မပညာဌာနသည် အသင်းတော်တိုင်းတွင် အသင်းတော်ခရစ်ယာန်ဓမ္မပညာအစီအစဉ်ထိရောက်တိုးတက်မှုရှိစေရန်အောက်ပါလုပ်ငန်းတို့ကို တာဝန်ယူဦးဆောငရမည်။

(၁) ပုံမှန်အသင်းတော် ဓမ္မပညာကျောင်းနှင့် နွေဥတုသမ္မာကျမ်းစာကျောင်းတွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးအားလုံးတို့အတွက် သငရိုးညွှန်းတမ်းပြုစုလျက် သင်ခန်းစာများ ရေးသားပြုစု ထုတ်ဝေခြင်း။

(၂) ခရစ်ယာန်ဓမ္မပညာအစီအစဉ်များအတွက် လိုအပ်သော သင်ကြားမှုအထောက်အကူပြုပစ္စည်းများဖြန့်ဝေနိုင်ရန် ရေးသားပြုစုခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း ပြုရမည်။

အပိုဒ် – ၉းရ၈ အသင်းချုပ် ခရစ်ယာန်ဓမ္မပညာဌာနသည် အသင်းချုပ်ဝင် လူမျိုးစုနှင့်ဒေသန္တရအဖွဲ့ချုပ်များ၊ နယ်နှစ်ခြင်းအသင်းတော်များအဖွဲ့တို့နှင့်ညှိနှိုင်း၍ အသင်းတော်ဓမ္မပညာအစီအစဉ်တွင် တိုက်တွန်းအားပေးခြင်း၊ ပညာပေးခြင်း၊ ကူညီပံ့ပိုးခြင်း ပြုရမည့်အပြင် အားနည်းလျက်ရှိနေသော နေရာဒေသတို့ကို ဦးစားပေးလုပ်ဆောင် ရမည်။

အပိုဒ် – ၉းရ၉ အသင်းချုပ် ခရစ်ယာန်ဓမ္မပညာဌာနသည် အသင်းချုပ်ဝင် လူမျိုးစုနှင့်ဒေသန္တရအဖွဲ့ချုပ်များ၊ နယ်နှစ်ခြင်းအသင်းတော်များအဖွဲ့တို့တွင်ခရစ်ယာန်ဓမ္မပညာလုပ်ငန်းများထမြောက်အောင်မြင်စေရန် အောက်ပါသင်တန်း သို့မဟုတ် အစီအစဉ်များကိုလုပ်ဆောင်ရမည်။

(၁) အသင်းတော်ရှိ အမှုဆောင်အဖွဲ့ဝင်များ၊ သင်းထောက်များအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အားသစ်လောင်းအစီအစဉ်များ စီစဉ်ကျင်းပပေးခြင်း။

(၂) အသင်းတော် ဓမ္မပညာကျောင်းဆရာဖြစ်သင်တန်း၊ နွေဥတုကျမ်းစာကျောင်း ဆရာဖြစ်သင်တနးနှင့်ဓမ္မပညာ၊ ခေါင်းဆောင်မြှင့်တင်ရေးသင်တန်းများ ပြုလုပ်ပေးခြင်း။

(၃) ခရစ်ယာန်အိမ်ထောင်နှင့်ပတ်သက်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း။

(၄) ခရစ်ယာန်အိမ်ထောင် ရက်သတ္တပတ်အစီ အစဉ်ပြုလုပ်နိုင်ရေးအတွက် အားပေးခြင်း နှင့်ပညာပေးခြင်း။

အပိုဒ် – ၉း၈၀ အသင်းချုပ်ခရစ်ယာန်ဓမ္မပညာဌာနသည် သင်ကြားမှုအရပ်ရပ်အတွက် သမ္မာကျမ်းစာသာမက နှစ်ခြင်းခရစ်ယာန်တို့၏သမိုင်း၊အခြေခံယုံကြည်ချက်နှင့်ကျင့်ဝတ်၊ခရစ်ယာန်အိမ်ထောင်စသည့် ဘာသာရပ်တို့ကိုလည်း ရေးသားပြုစုပို့ချခြင်းပြုရမည်။

အပိုဒ် – ၉း၈၁ အသင်းချုပ် ခရစ်ယာန်ဓမ္မပညာဌာနသည် အသင်းတော်များတွင် အသင်းတော်ဓမ္မပညာ ကျောင်းနေ့၊ ကျင်းပနိုင်ရေးအတွက် အစီအစဉ်များ ရေးသားပြုစု၍အသင်းတော်များသို့ အချိန်မီဖြန့်ဝေခြင်းပြုရမည်။

အပိုဒ် – ၉း၈၂ အသင်းချုပ်ခရစ်ယာန်ဓမ္မပညာဌာနသည် အဖွဲ့ချုပ်များ၊ နယ်အဖွဲ့များနှင့်အသင်းတော်တို့တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး(အမျိုးသား/အမျိုးသမီး)တို့အတွက် ပုံမှန်ပြုစုပျိုးထောင်မှု အစီအစဉ်များသာမကနွေရာသီစခန်းချသင်တန်းများ ကျင်းပနိုင်ရန် နည်းပညာပေးခြင်းနှင့် ကူညီခြင်းပြုရမည်။

အပိုဒ် – ၉း၈၃ အသင်းချုပ် ခရစ်ယာနဓမ္မပညာဌာနသည် ခရစ်ယာန်ဓမ္မပညာလုပ်ငန်းများ အောင်မြင်ကြီးပွား တိုးတက်ရေးအတွက် လူမျိုးစုနှင့်ဒေသန္တရအဖွဲ့ချုပ်တို့၏ ခရစ်ယာန်ဓမ္မပညာဌာနတို့နှင့် လည်းကောင်း၊ အသင်းချုပ်သီအိုလော်ဂျီပညာဌာနနှင့်လည်းကောင်း ညှိနှိုင်းတိုင်ပင်ပူးပေါင်း ဆောင်ရွက်ရမည်။

အပိုဒ် – ၉း၈၄ အသင်းချုပ် ခရစ်ယာန်ဓမ္မပညာဌာနသည် အခါအား လျော်စွာအမှုဆောင်အဖွဲ့ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရမည်။